Burmese

Public education
**Discover a world of opportunities**

အကြို-မူလတန်း

# နံပါတ်များ- အိမ်တွင် လေ့လာသင်ယူခြင်း

## သင် အပြင်သွားရောက်သည့်အခါ၌ နံပါတ်ဂဏန်း လုပ်စရာ အကြံဉာဏ်များ

### ကားထဲတွင်

သင့်ကလေး ကားထဲတွင် အလုပ်များနေရန် သင်နှင့်အတူ ကစားနိုင်သည့် ကစားပွဲများ အမြားအပြား ရှိပါသည်-

- သင့်ကလေးနှင့်အတူ ကားများ၏ အရေအတွက်ကို ရေတွက်ပါ။ အရောင်တူကားများကို ရေတွက်ခြင်း အားဖြင့် ကစားပွဲကို အနည်းငယ် ပိုမိုခက်ခဲအောင် လုပ်ပါ။ အရောင်တစ်ခုချင်းအတွက် ရေတွက်ထား သည့် ကား စုစုပေါင်းကို မှတ်ထားပါ၊ ခရီးစဉ်ပြီးဆုံး သည့်အခါ မည်သည့်အရောင် ကားပိုများ၍ အနိုင်ရကြောင်း ကြည့်ပါ။
- ဦးတည်ရာဖက်များအကြောင်းကိုစကားလုံးများကိုသုံး၍ ပြောဆိုပါ၊ ဤကဲ့သို့သော *ဘယ်၊ ညာ၊ မြောက်၊ တောင်၊* အရှေ့နှင့် အနောက် တို့ဖြစ်သည်။
- ဓါတ်ဆီဆိုင်တွင် သင့်ကလေးအား ဤကဲ့သို့သော မေးခွန်းများကို မေးပါ- *ယနေ့ ဓါတ်ဆီ ကုန်ကျစရိတ် ဘယ်လောက်ရှိသလဲ။ သင် ဘာကြောင့် သိသလဲ။*

### အိမ်နီးနားချင်း နေရာတွင်

သင့်ကလေးနှင့်အတူ အိမ်နီးချင်း နေရာတစ်ဝိုက် လမ်းလျှောက် ထွက်သည့်အခါ-

- သင့်လမ်းရှိ အိမ်အရေအတွက်ကို ရေတွက်ပါ။
- ပုံသဏ္ဍာန်များ အကြောင်းကို ပြောပါ၊ ဥပမာ- *ဦးစားပေးရမည့် သင်္ကေတမှာ သုံးမြောက်တြိဂံ အတွင်း တွင်ရှိသည်*
- မိတ်ဆွေ တစ်ဦးအိမ်နှင့် ဆိုင်များဆီသို့ လမ်းလျှောက်သွားနေစဉ် ဦးတည်ရာဖက်များ အကြောင်းကို ပြောပါ။

### ဈေးဝယ်ခြင်း

ဈေးဝယ်ထွက်သည့်အခါ သင့်ကလေးအား အောက်ပါတို့ကို လုပ်ခိုင်းစေခြင်းဖြင့် အလုပ်များနေအောင် လုပ်ထားပါ-

- ဈေးဝယ်တွန်းလှည်း၊ ခြင်းတောင်း သို့မဟုတ် အိတ် တွင်းရှိအရာပစ္စည်းများ၏ အရေအတွက်ကို ရေတွက်ခိုင်းပါ
- သုံးမျက်နာရှုထောင့်ပါသည့် အရာပစ္စည်းများကို လက်ညှိုးထိုးပြ၍ ၄င်းကို ဘယ်လိုခေါ်ကြောင်း မေးပါ၊ ဥပမာ- *ဤဘူးသည် ဆလင်ဒါ ဘူးရှည်ဖြစ်သည်။*
- ပစ္စည်းအမျိုးအမည် တစ်ခုချင်း မည်မျှ လိုအပ်ကြောင်း တွက်ချက်ခိုင်းပါ၊ ဥပမာ- *ညစာစားမည့်လူတိုင်းအတွက် ဝက်အူချောင်း မည်မျှ ကျွန်ုပ်တို့ လိုပါသလဲ။*
- ဈေးဝယ်ထားသည်ကို အထုပ်ဖြေ သိမ်းဆည်းသည့် အခါ *လေးသော၊ ပေါ့ပါးသော* နှင့် *မြင့်သော* အရာ ပစ္စည်းများကို ရှာ၍ တစ်စုတစ်စည်းတည်းထား ခိုင်းပါ
- ဆိုင်ထဲတွင် လက်ညှိုးထိုး၍ နံပါတ်များကို ရှာခိုင်းပါ၊ ဥပမာ ဈေးနှုန်းစာရွက်ပေါ်တွင် ၄င်းပြင် ကုန်ပစ္စည်း ထားသည့် အတန်းများတွင် ဖြစ်သည်။
- ငွေကြေးကို သိရှိပြီး ပြောဆိုခိုင်းပါ၊ ဥပမာ သင် ပစ္စည်းများ ဝယ်ယူရန်သုံးသည့် ငွေစက္ကူနှင့် အကြွေစေ့များ၊ ပြန်အန်းငွေနှင့် ပစ္စည်းများ ဝယ်ယူသည့် စုစုပေါင်း ပမာဏ တို့ဖြစ်သည်။



Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015